# ACC Against COVID-19




အစီအစဉ် (၁၂၀)

## **“အခက်အခဲများမှ အခွင့်အလမ်းများ ဖန်တီးခြင်း ”**

တင်ပြသူ

သင်းသင်းမော်၊ သုသုဟန်(ACC Myanmar)

COVID-19 ကပ်ရောဂါသည် ကမ္ဘာအနှံ့ရှိ စီးပွားရေးလုပ်ငန်းများ၏ ယန္တရားများကို များစွာထိခိုက်စေခဲ့ပါသည်။ မတ်လ ၂၀၂၀ ပြည့်နှစ် Institute for Supply, Management ၏ စစ်တမ်းအရ COVID-19 ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးရှိ ကုမ္ပဏီ၇၅%၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ထိခိုက်မှုရှိခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ COVID-19 ကပ်ရောဂါ၏ တွန်းအားကြောင့် နည်းပညာအကူအညီများစွာကို အားကိုးလာကြောင်း တွေ့ရှိရပါသည်။








၂၀၁၂ ခုနှစ် Gross Domestic
Product (GDP)စာရင်းအရ
ဂျပန်နိုင်ငံသည် အမေရိကန်နှင့်
တရုတ်နိုင်ငံတို့ပြီးလျှင်
တတိယစီးပွားရေးအကြီးအမားဆုံး
နိုင်ငံဖြစ်ပါသည်။





Harvard Business School မှ Management Pratice in the Strategy ၏ ပရော်ဖက်ဆာ Hirotaka Takeuchi က ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့်ငလျင်နှင့် ဆူနာမီဖြစ်ပွားပြီးနောက် ဂျပန်နိုင်ငံ၏ စီးပွားရေး လုပ်ငန်းများမှာ ရေရှည်ရှင်သန်ရပ်တည်မှုအတွက် အစီအစဉ်များချမှတ် ဆောင်ရွက်ခြင်းဖြင့် ထူးခြားသောစွမ်းရည်များရရှိခဲ့ကြောင်းနှင့် အကြပ် အတည်းကာလအတွင်း အကျိုးအမြတ်ရရှိရေးအတွက် ဂျပန် စီးပွားရေး လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုနည်းဗျူဟာများကို ဖော်ပြခဲ့ပါသည်။

၂၀၁၁ ခုနှစ် မတ်လ(၁၁) ရက်နေ့တွင် ဂျပန်နိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခု ဖြစ်ပွားခဲ့ပြီး လူပေါင်းများစွာ သေကြေပျက်စီးခဲ့ရကာ ကျပ်သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရပါသည်။ သောက်သုံးရေ၊ လျှပ်စစ်မီးများ မရရှိတော့ဘဲ နျူကလီးယားဓာတ်ပေါင်းဖို (၃)ခု အရည်ပျော်ကာ ဆုံးရှုံးနစ်နာမှု များစွာ ကြုံတွေ့ခဲ့ရပါသည်။










ဂျပန်နိုင်ငံ Convenience စတိုးဆိုင်ခွဲများ “Lawson” ၏
CEO ဖြစ်သူ Takeshi Niinami သည်
ဆူနာမီငလျင်ဒဏ်ခံစားခဲ့ရသော မြို့များတွင်
စတိုးဆိုင်များကို ပြန်လည် ဖွင့်ပေးခြင်းဖြင့်
အနာဂတ်အတွက် မျှော်လင့်ချက်များ ဖန်တီးပေးပြီး
မူလအတိုင်း ဖြစ်စေရန် လုပ်ဆောင်ခဲ့ကြောင်း Takeuchi မှ
ဆိုပါသည်။ ထိုကာလတွင် ဂျပန်နိုင်ငံသည် စီးပွားရေး၊
လူမှုရေး ကိစ္စအရပ်ရပ်တို့အား အခက်အခဲများကြားမှ
ပြန်လည်ဦးမော့နိုင်ခဲ့ပါသည်။




**UNIQLO**

**Initiatives to Help Combat COVID-19**

ယခု COVID-19 ကပ်ရောဂါကာလတွင်လည်း
ဂျပန်နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရေး
အစီအမံများသည် ပြင်းထန်စွာထိုးနှက်ခံရသော
စီးပွားရေးလုပ်ငန်းငယ်လေးများကို ပံ့ပိုးပေးရန်နှင့်
နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရန်
လုပ်ဆောင်လျက်ရှိပါသည်။







“ကုမ္ပဏီတစ်ခုသည် လူ့အဖွဲ့အစည်းနှင့် သဟဇာတဖြစ်စေရန် နေထိုင်ရုံသာမက လူ့အဖွဲ့အစည်းမှလည်း ထိုအချက်ကို လက်ခံရန် လိုအပ်ပါသည်။ သဟဇာတဖြစ်ခြင်းသည် အဖွဲ့အစည်းအား ကူညီခြင်းဖြစ်စေသည်” ဟု ဂျပန်နိုင်ငံ၏ နာမည်ကြီး Brand တစ်ခုဖြစ်သည့် UNIQLO စတိုးဆိုင်များ၏ CEO Tadashi Tanai က ပြောကြားခဲ့ပါသည်။ “ကုမ္ပဏီအများစုသည် ထိုဟန်ချက်ကို မထိန်းနိုင်သည့်အတွက်ကြောင့် ကျရှုံးခဲ့ရပြီးဖြစ်ကြောင်း”ကိုလည်း Tanai မှ ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ စီးပွားရေးနယ်ပယ်များအတွင်း အမှန်တကယ်လိုအပ်နေသော ဒေသများ၌ အကျိုးအမြတ်ကို ပဓာနမထားဘဲ စိတ်ပိုင်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ ကူညီထောက်ပံ့မှုများပေးခြင်းဖြင့် ဆူနာမီကပ်ဘေးကာလအား အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြပါသည်။ ဂျပန်နိုင်ငံ၏ ကပ်ဘေးအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းခဲ့သည့် နည်းလမ်းများမှာ စံနမူနာယူထိုက်လှပေသည်။ ကမ္ဘာတစ်ဝှမ်းတွင် ပျံ့နှံ့လျက်ရှိသော COVID-19 ကပ်ရောဂါအား မိမိတို့နိုင်ငံတစ်နိုင်ငံတည်းဖြင့် တိုက်ဖျက်၍ မရပါ။ တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်မှသာ တိုက်ထုတ်နိုင်မည် ဖြစ်ပါသည်။



ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုကို တားဆီးရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်
Lockdown ချထားမှုကြောင့် စီးပွားရေး ထိခိုက်မှု၏ အကျိုးဆက်များကို
ပြန်လည်ကုစားရန် မြန်မာနိုင်ငံ အနေဖြင့် ကိုဗစ်ကာလ
စီးပွားရေးကုစားမှုအစီအစဉ် COVID-19 Economic Relief Plan (CERP) ကို
ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ CERP တွင် COVID-19 ကြောင့် ထုတ်လုပ်မှု၊
အလုပ်အကိုင်နှင့် ဝင်ငွေမရှိခြင်းတို့ကို ကုစားနိုင်မည့် စီးပွားရေး
အစီအစဉ်များနှင့် အရေးပေါ်ကုစားရသည့် အစီအစဉ်များပါဝင်ပြီး
ယင်းတို့ကို အကောင်အထည်ဖော်ရာ၌ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ၊ တာဝန်ခံမှု၊
“Check and balance” အပြန်အလှန်ထိန်းကျောင်းမှုရှိစွာဖြင့်
ဆောင်ရွက်မှသာလျှင် ပြည်တွင်း စီးပွားရေးလုပ်ငန်းများအား လျင်မြန်စွာ
ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။






(CERP) ၏ အရေးကြီးဆုံးအချက်မှာ နိုင်ငံအတွင်းရှိစိန်ခေါ်မှုအများအပြား ကြုံတွေ့နေရသော ပြည်တွင်းဒုက္ခသည်များနှင့် ပဋိပက္ခဒေသများတွင် နေထိုင်လျက်ရှိသော လူ့အဖွဲ့အစည်းအားလုံးတို့အတွက် ထောက်ပံ့ပေးမှုများကို လက်လှမ်းမီစွာနှင့် တူညီစွာရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဦးစားပေးအနေဖြင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများနှင့် ထိခိုက်လွယ်သော လူ့အဖွဲ့အစည်းများကို အဓိကထား သတ်မှတ်သင့်ပါသည်။













ယခုဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် ကာလကို ရင်ဆိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေး အစီအစဉ်များကို သေချာစွာချမှတ် ရေးဆွဲသင့်ပါသည်။ လုပ်ငန်းရှင်သန်လည်ပတ်နိုင်ရန်အတွက် အဓိကအရေးပါသူများမှာ စားသုံးသူများပင် ဖြစ်ပါသည်။ စားသုံးသူများအတွက် ရှင်းလင်းပြတ်သားသော Channel များနှင့် ဝန်ဆောင်မှုပေးနိုင်မည့် Delivery Method များကိုလည်း သေချာပြင်ဆင်မှသာလျှင် ကိုဗစ်ကာလ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူအကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ပြီး နိုင်ငံ၏စီးပွားရေးသည်လည်း ပြန်လည်ဦးမော့နိုင်မည် ဖြစ်ပါသည်။

ကိုဗစ်ကာလအတွင်း စီးပွားရေးလုပ်ငန်းအများစုမှာ ရပ်တန့်သွားသော်လည်း စားသုံးကုန်ကို အခြေခံသည့် အချို့လုပ်ငန်းများ၌ IT နည်းစနစ်ကို အခြေခံ၍ အိမ်အရောက်ပို့ ဝန်ဆောင်မှုစနစ်ကို အသုံးပြု ဆောင်ရွက်ခဲ့သည့်အတွက် အကျိုးအမြတ်များစွာ ဖြစ်ထွန်းခဲ့ကြောင်း မျက်မြင်တွေ့ရှိနေရပါသည်။ ကျောင်းပိတ်ထား၍ Education Institution များ ရပ်တန့်ထားရသော်လည်း အချို့ ပုဂ္ဂလိကကျောင်းများတွင် Online ကို အသုံးပြု၍ သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင် ဆရာနှင့်တပည့် ထိတွေ့သင်ကြားသည့်စနစ်မှ Online စနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့သည့်အတွက် တစ်နိုင်ငံလုံးမှ သင်တန်းသားများအား လက်ခံသင်ကြားနိုင်ခဲ့သဖြင့် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်း ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။








ထို့ကြောင့် အခက်အခဲအကြပ်အတည်းများနှင့်
ကြုံတွေ့ရသည့်အခါ တွေဝေတုံ့ဆိုင်း မနေဘဲ
အခက်အခဲများကြားမှ ရုန်းထွက်၍
အခွင့်အလမ်းများအဖြစ် ဖန်တီးရယူရန် စီးပွားရေး ဆိုင်ရာ
အခွင့်အလမ်းများ
လွယ်ကူအဆင်ပြေချောမွေ့စေရန်အတွက် အစိုးရမှ
MSDP နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း
တင်ပြအပ်ပါသည်။

## Reference

- ❖ Just Log-In website
- ❖ How to Improve Myanmar's Covid-19 Emergency Relief Program
- ❖ MSDP Goals
- ❖ CERP
- ❖ Photos Credit Internet

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာဖြောင့်မတ်တည်ကြည်မှု ရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာပေးကဏ္ဍ၏ အထူး အစီအစဉ်အနေနှင့် “ACC Against COVID-19’’ ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ် အသီးသီးမှ ပညာရှင်များရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်းမရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

A special program “ACC Against COVID-19” is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.